

ရင်ခွင်ဦးက
အချစ်ဆုံး

# ရင်ခွင်ဦးက အချစ်ဆူး

## (၁)

မိုးဦး၏ မိုးရွာပြီးစ ညနေခင်းတစ်ခု …………

ကောင်းကင်ယံတွင် တိမ်တောက်၍ အရာရာသည် လှပ၍ နေပါ၏ ။

အငြိမ်းစားကျောင်းဆရာမကြီး ဒေါ်ခင်ခင်ထားသည်၊ သူ့အိမ်ဝရန်တာကလေးမှ သဘာဝ အနေအထားအောက်တွင် မည်းနက်ဖြောင့်ဖြူး ချောမွေ့နေသော သူ့အိမ်ရှေ့က နိုင်လွန်ကတ္တရာ လမ်းကလေးကို ကြည့်ပြီး ….. ပီတိသောမနသာတွေ ဖြစ်နေမိပါ။

“ ဒေါ်လေးခင် ဘာတွေများကြည့်ပြီး ကြည်နူးနေတာလဲဟင်”

ဒေါ်ခင်ခင်ထားသည် မျက်နှာတွင် သနပ်ခါးကလေးအဖွေးသားနှင့် … ကျက်သရေရှိစွာ လှပနေသော တူမချောကလေးကို လှည့်ကြည့်လိုက်သည်။

“အိမ်ရှေ့ကလမ်းကလေးကိုကြည့်ပြီး ကြည်နူးနေရတာ ရွှန်းလဲ့ရဲ့ .. မိုးအမီကလေးပြီးသွား တာဘယ်လောက်ကောင်းလိုက်သလဲလို့”

“ ဟုတ်တယ်နော် … လမ်းကလေးကလဲ နိုင်လွန် ကတ္တရာခင်းလိုက်တာဆိုတော့ ကုန်ကျစ ရိတ်တော့များမှာပဲနော် ဒေါ်လေး”

“ဆယ်လေးသိန်းခွဲလောက်တော့ကုန်တယ်တူမလေးရဲ့”

“ အိုး.. တော်တော်ကုန်သားပဲ”

“ ဟုတ်တယ် ရပ်ကွက်အားချည့်ပဲဆိုရင် ဘယ်ဒီလောက်တတ်နိုင်မှလဲ မောင်မင်းကြီးသား မောင်စိုးထိုက်အောင်က အလှူငွေအများကြီးထည့်ဝင်သွားလို့ ဒေါ်လေးခင်တို့ လမ်းကလေးခုလို သာယာလှပသွားတာ”

“ဒေါ်လေးခင်ပြောတဲ့ စိုးထိုက်အောင်ဆိုတာ ဘယ်သူလဲဟင်”

ရွှန်းလဲ့မိုးက သူ့ဒေါ်ကို လှည့်ကြည့်ကာမေးလိုက်သည်။

" ဒီလမ်းထဲက ကတိုးမြိုင်ခြံရှင်ပေါ့ ရွှန်းလဲ့ရဲ့ ... သူကခေတ်ပညာတတ်လူလတ်ပိုင်းထဲကပဲ .. အများကြီးရည်မွန်တယ် ပေါင်းသင်းဆက်ဆံရေးလဲကောင်းတယ် သူ " ကတိုးမြိုင်" ကို ပြောင်း လာတာ ဒေါ်လေးခင်တို့ ရပ်ကွက်အတွက် တအားပဲ နောက်ဆိုရင် ရပ်ကွက်လူငယ်တွေအတွက် စာကြည့်တိုက်တွေ ဘာတွေတောင်ဖြစ်လာတော့မှာ"

ရွှန်းလဲမိုသည် သူ့ဒေါ်လေးပြောသမျှကို ခေါင်းကလေးတညိတ်ညိတ်နှင့် နားထောင်နေရာမှ အကြံတစ်ခုပြုလိုက်သည်။

"ဒေါ်လေးခင် ရာသီဥတုကလေးကလဲသာယာတယ် ဒေါ်လေးခင်နဲ့ရွှန်းလဲ့လမ်းဆင်းလျှောက် ရင်းလမ်းထိပ်က စတိုးဆိုင်ကလေးကို သွားကြရအောင်လားဟင်"

" အေး .. ကောင်းသားပဲ"

" ခဏနော် ရွှန်းလဲ့ ပိုက်ဆံအိတ် သွားယူလိုက်ဦးမယ်"

ရွှန်းလဲ့မိုသည် အခန်းအတွင်းမှ သူ့ပိုက်ဆံအိတ်ကလေးကို အပြေးအလွှားယူငင်ပြီး ပြန်ထွက် လာ၏ ။

ထို့နောက်တွင် တူအရီနှစ်ယောက်သည် မည်းနက်သန့်စင်နေသော ကတ္တရာလမ်းကလေးဆီ သို့ဆင်းခဲ့ကြသည်။

"ဒေါ်လေးခင်ပြောတဲ့ " ကတိုးမြိုင်" ခြံဆိုတာကို ရွှန်းလဲ့မနေ့က သတိထားမိခဲ့တယ် ကြေးဝါ ဆိုင်းဘုတ်ကြီးနဲ့ ဝင်းတံခါးကြီးက ဝင့်ထည်နေတာပဲ"

"ဟုတ်တယ် မောင်စိုးထိုက်အောင်က သူ့မိဘအမွေအနှစ်ကို အတော့်ကို အကုန်အကျခံပြီး ပြန်ပြုပြင်ထားတာ မကြာသေးဘူး၊ အိမ်ကြီးကို ရှေးလက်ရာမပျက် ပြုပြင်မွမ်းမံထားလိုက်တာများ တကယ့်ကို သားနားတယ်

ဒေါ်လေးခင်တို့ လမ်းဖြစ်မြောက်ရေး ကော်မတီအစည်းအဝေးကို သူ့အိမ်မှာလုပ်ကြတာဆိုတော့ အိမ်ထဲက အဆင်အပြင်တွေကို တွေ့ကိုတွေ့ရတယ်၊ တစ်ခြံလုံးမှာ သစ်ပင်ပန်းပင်တွေ ဆိုတာလဲ လှသလားမပြောပါနဲ့တော့… တစ်နေ့ တူမလေးကိုအလည်ခေါ် သွားဦးမယ်”

ဒေါ်ခင်ခင်ထား တစ်ယောက် “ ကတိုးမြိုင်” ခြံကို ချီးမွမ်းခန်းဖွင့်၍ လာလိုက်သည်မှာ ထိုကတိုးမြိုင်ခြံအနီးသို့ ရောက်မှန်းမသိရောက်ရှိလာ၏။

“ဟော .. အရပ်လူကြီးတွေပါလား”

လမ်းချိုးကလေးတစ်ခုအတွင်းမှ ထွက်လာသောလူတစ်စုကို ဒေါ်ခင်ခင်ထားတို့ တွေ့လိုက် ကြရသည်။

“ဆရာမကြီး နေသာလို့ လမ်းလျှောက်ထွက်လာတယ်နဲ့တူတယ်”

တစ်ဦးက ဒေါ်ခင်ခင်ထားကို နှုတ်ဆက်လိုက်သည်။

“နေသာရုံတင်မကဘူး ကိုယ့်လမ်းကလေးကလဲသာလို့ ထွက်မလျှောက်ဘဲ မနေနိုင်တာနဲ့ ဦးအောင်သာရေ့”

“ ဟုတ်ပ့ါဗျာ ကျုပ်တို့လမ်းကလေးကတော့ ကြည်နူးစရာကောင်းပါတယ်”

“ဒါနဲ့ရှင်တို့ .. ဘယ်သွားကြမလို့လဲ”

“ကတိုးမြိုင်ကိုလေ .. . မောင်စိုထိုက်အောင်က စာကြည့်တိုကဆောက်ဖို့ ခေါ်ထားလို့”

“ ဟုတ်လားဝမ်းသာစရာပဲ မောင်မင်းကြီးသားကျန်းမာပါစေ ချမ်းသာပါစေတော်”

“ဆရာမကြီးကော လိုက်ခဲ့ပါဦးလား”

“ဦးအောင်သာတို့ပဲ သွားကြပါ .. ကျွန်မတူမလေးလမ်းထိပ်မှာ ဈေးဝယ်စရာလေးရှိနေလို့”

“ဟော.. ဟိုမှာ မောင်စိုးထိုက်အောင် ကျုပ်တို့ကို ထွက်အကြိုအထောက်နေပြီထင်တယ်”

အရပ်လူကြီး၏ စကားကြောင့် ကတိုးမြိုင်ခြံ ဆီသို့ရွှန်းလဲ့မို ကြည့်မိလိုက်၏။

ကတိုးမြိုင်ခြံဝင်းဝတွင်လည်ကတုံး အင်္ကျီအဖြူရောင် လက်ရှည်နှင့် ရခိုင်ပုဆိုးအပြာရင့်ရောင် ကိုဝတ်ဆင်ထားသူ တစ်ယောက်ကို ရွှန်းလဲ့တွေ့ရှိရသည်။

ထိုသူသည် အသားဖြူဖြူအရပ်မြင့်မြင့်မိုးမိုးနှင့် ရုပ်ရည်သန့်ပြန့်ချောမောသူလည်းဖြစ်ကြောင်း ရွှန်းလဲ့မို တွေ့မြင်လာရသည်။

“ဟော့ ဆရာမကြီးလဲပါလာတာကိုး … လူစုံတော့ အကြံကောင်းဉာဏ်ကောင်းပိုရတာ ပေါ့ အိမ်ထဲကိုကြွပါကြွပါ”

“ကဲ … ဒေါ်ခင်ခင်ထားရေ့ လမ်းထိပ်ထွက်ပြီး ဈေးဝယ်တဲ့ကိစ္စကိုအသာထား.. ခင်ဗျာပါ.. ဆွေးနွေးညှိနှိုင်းပွဲကိုရောတက်လိုက်ပေတော”

“ အဟင်း .. ဟင်း..ဟင်း .. အဲဒီ လိုပဲ လုပ်လိုက်ရတော့မှာပေါ့ရှင်”

စိုးထိုက်အောက်က ပြုံးပြုံးရယ်ရယ်ဖြင့်မေးလိုက်သည်။

“တူမလေးအတွက် လမ်းထိပ်မှာ ဝယ်စရာလေးရှိလို့ ထွက်လာရင်း ဦးအောင်သာတို့အုပ်စုနဲ့ ဆုံမိသွားကြတာ မောင်စိုးထိုက်အောင်ရေ .. ခုတော့လည်း မထူးတော့ပါဘူး.. ဝင်လိုက်တော့မယ် လေ”

“သိပ်ကောင်းတာပေါ့ဗျာ”

“တူမလေးနဲ့ မိတ်ဆက်ပေးရဦးမယ် မောင်စိုးထိုက်အောင်ရေ…

နာမည်က ရွှန်းလဲ့မိုးတဲ့… ဒေါ်လေးခင်ရဲ့တစ်ဦးတည်းသော တူမလေးလေ… ဒေါ်လေးခင်နဲ့အတူနေဖို့ မနေ့ကပဲ ဟသ်ာတက ရောက်လာတာကွယ့်”

“ရွှန်းလဲ့မိုး တဲ့လား”

“ဟုတ်ပါတယ်”

“ဒီမှာနေဖို့ ရောက်လာတယ်ဆိုတော့ ကိုယ်တို့ရပ်ဆွေရပ်မျိုးဖြစ်ပြီ ဆိုပါတော့ကွာ… ကတိုးမြိုင်ကို အချိန်မရွေး ဝင်ထွက်နိုင်ပါတယ်လို့ တို့ကဖိတ်ခေါ်ပါတယ်”

“ကျေးဇူးတင်ပါတယ်”

ရွှန်းလဲ့မိုး၏ ကျက်သရေရှိလှသော နုနုထွေးထွေး မျက်နှာကလေးကို ကြည့်၍ စိုးထိုက်အောင် က ဖိတ်ခေါ်လိုက်သည်”

“မလာမှာမတော့မပူနဲ့ မောင်စိုးထိုက်အောင်ရေ၊ မင်းညီမကကတိုးမြိုင်ကို စိတ်ဝင်းစားနေ တာ၊တော်ကြာလာလွန်းလို့ နှင်ထုတ်နေရဦးမယ်”

“မနှင်ပါဘူးကွာ မနှင်ပါဘူး ကတိုးမြိုင်က အမြဲလက်ကမ်း ကြိုဆိုနေမှာပါ”

“ဒေါ်လေးခင်… ရွှန်းလဲ့အပြင်မှာ နေခဲ့မယ်နော်၊ သစ်ပင်ပန်းပင်တွေကို ကြည့်ချင်လို့”

“သဘော… သဘော”

“အပျင်းပြေခြံထဲ လျှောက်ကြည့်နိုင်ပါတယ် တို့တစ်တွေဆွေးနွေးကြမယ့် ကိစ္စကလဲ သိပ်မကြာပါဘူး”

“ရပါတယ် ရွှန်းလဲ့… သစ်ပင် ပန်းပင်တွေကို ကြည့်နေရရင် ပျော်ပါတယ်”

"ဟုတ်ပါပြီ အားလုံးအိမ်ထဲကို ကြွကြပါခင်ဗျာ"

အရပ်လူကြီးများနှင့် ဒေါ်ခင်ခင်ထားတို့ကို အိမ်ရှင်စိုးထိုက်အောင်က သူ့အိမ်ထဲသို့ ဖိတ်ခေါ်သွား၏ ။

ရွှန်းလဲ့မိုသည်း ကတိုးမြိုင်အိမ်ကြီး၏ ရှေ့မျက်နှာစာတွင် ရှိသောပန်းခင်းဘက်သို့ လျှောက်ခဲ့သည်။

အိုးကြီးအိုင်ယ်တို့ဖြင့် ဖူးပွင့်ဝေစီနေသော နှင်းဆီပန်းများ၊ ရွက်လှရောင်စုံများ၊ နိုင်ငံခြား ကစ္စမီများကို ကြည့်ပြီး ရွှန်းလဲ့မိုသည် စိတ်မှာ ကြည်နူးပျော်မြူးမိနေ၏ ။

လှလိုက်တဲ့ပန်းတွေပါလား... စိုက်ထားလိုက်တာ အမျိုးကိုစုံလို့... ဦးစိုးထိုက်အောင်က သူ့ကိုယ်သူ သပ်သပ်ရပ်ရပ် ကြော့ကြော့မော့မော့နေသလို၊ သူ့အိမ်ကြီးနဲ့ ခြံကြီးကိုလဲထားတာ ပဲကိုး...အင်... တော်တော်စိတ်ချမ်းသာစရာကောင်းတာပဲ"

"ကလေးမ..."

တစ်စုံတစ်ယောက်၏ ခေါ်သံကြောင့် ရွှန်းလဲ့မိုသည် အသီးတွေ ပြွတ်ခဲနေအောင်သီးနေ သော သရက်ပင်ကြီးကို မော့်ကြည့်နေရာမှ နောက်သို့လှည့်ကြည့်လိုက်သည်တွင် အချိုရည်တစ်ဖန်ခွက်ကို ကိုင်၍ ရပ်နေသော အဒေါ်ကြီးတစ်ယောက်ကို တွေ့ရသည်...

"ကလေးမသောက်ဖို့ မောင်စိုးထိုက်အောင်က ပို့ပေးလိုက်တာ"

"အို...ဒုက္ခရှာလို့ ဒေါ်ဒေါ်ရယ်"

"ဒုက္ခမရှာပါဘူးကွယ်... သောက်လိုက်ပါ။ ဒါနဲ့ကလေးမက ဆရာမကြီး ဒေါ်ခင်ခင်ထားရဲ့ တူမလေးဆို"

"ဟုတ်ပါတယ်"

"ဆရာမကြီးနဲ့ကတော့ ခင်ပါတယ်။ ဆရာမကြီးက လူမှုရေးကို သိပ်ဆောင်ရွက်တာ... အိမ်က မောင်စိုးထိုက်အောင်နဲ့တော့ လိုက်မှလိုက်ပဲ"

"ဒေါ်ဒေါ်က ဒီအိမ်ကနော်"

"ဟုတ်ပါတယ်- ဒေါ်ဒေါ်က မောင်စိုးထိုက်အောင်ရဲ့ အမေဘက်က ဆွေးနီးမျိုးစပ် တစ်ယောက်ပါ။ ဒီ ကတိုးမြိုင်မှာ မောင်စိုးထိုက်အောင် အခါလည်သားလောက်ကတည်းက ရောက်ခဲ့တာလေ။ ဒေါ်ဒေါ်နာမည်မှတ်ထားနော် ဒေါ်မယ်အုံတဲ့ မောင်စိုးထိုက်အောင်တို့ကတော့ အုံအုံလို့ပဲ ခေါ်ကြတယ်"

" ဟုတ်ကဲ့ပါအုံအုံ"

ဒေါ်မယ်အုံသည် သူ့ကိုရွှန်းလဲ့မိုက အုံအုံဟုခေါ်လိုက်သဖြင့် သဘောကျ နှစ်ခြိုက်သွားဟန် ဖြင့် မျက်လုံးများ ပိတ်လုမတတ် ပြုံးရယ်နေ၏ ။

"အုံအုံ... ဒါဘာသရက်သီးမျိုးလို့ ခေါ်လဲဟင် သီးနေလိုက်တာ ပြွတ်ခဲနေတာပဲ"

"ဒါ မြကျောက်လေ... ဟိုဘက်အပင်ကတော့ သုံးလုံးတစ်တောင်လို့ ခေါ်တယ်"

" အပင်တိုင်း သီးလိုက်တာနော် အားရစရာကြီး"

"ဟုတ်တယ်... နောက်ဖေးဘက်တွေမှာရှိတဲ့ မချစ်စုတို့ ရင်ကွဲသီးတို့လဲ ဒီနှစ်တစ်ပင်လုံးခဲနေ အောင်သီးတယ် သမီးရေ"

"ပျော်စရာကြီး... ရွှန်းလဲ့က အသီးတွေအပွင့်တွေ အဲသလို မြင်ရရင် သိပ်ပျော်တာပဲ... ဒေါ်လေးခင်ရဲ့ အိမ်မှာလည်း စိုက်ရဦးမယ်"

"ရွှန်းလဲ့... သစ်ခွအိမ်ကလေးဘက် မရောက်သေးဘူးမဟုတ်လား...လာ လာ အုံအုံလိုက်ပြ ပေးမယ်ကြည့်ရအောင်လို့..."

ရွှန်းလဲ့မို၏ လက်ကိုဆွဲ၍ ဒေါ်မယ်အုံကည ကတိုးမြိုင်အိမ်၏

အရှေ့ဘက်ခြမ်းရှိ၊ အမိုးစိမ်း ကလေးနှင့် အကျအနစိုက်ထားသော သစ်ခွရုံဆီသို့ ခေါ်ဆောင်လာခဲ့သည်။

"အား- အား-လှလိုက်တာပါလား... ဒီသစ်ခွပန်းတွေ၊ ဒီတစ်ခါပဲ ရွှန်းလဲ့မြင်ဖူးသေးတယ်"

"ဒါ-နိုင်ငံခြားမျိုး ချည့်ပဲလေ... စိုးစိုးက တစ်ခေါက်သွား တစ်ခါယူလာနဲ့ ခုဆိုရင် အပင်တစ်ရာကျော်လောက် ရှိနေပြီ"

"လှလိုက်တာ အုံအုံရယ် ဒီအပင်တွေကို ဘာဖြစ်လို့ အိမ်ရှေ့ဘက်မှာ မစိုက်တာလဲဟင် လူမြင်ရတာ ပေါ့"

"ဒီဘက်က မနက်နေရတယ်လေ အိမ်ရှေ့က ကျနေဖြစ်နေလို့၊ ပြီးတော့စိုးစိုးက သူ့အပင်တွေကို ဘယ်သူကိုမှ လာကိုင်မခံဘဲ သူ့ဘာသာကြည့်၊ သူ့ဘာသာသူပဲ၊ ပိုးမွေးသလို ဂရုစိုက်နေတာ"

"အရောင်အသွေး စုံလင်လှသော သစ်ခွပန်းများကို ရွှန်းလဲ့မိုသည် တစ်ငေးတစ်မောကြီး ကြည့်နေ၏ "

"အုံအုံ ဧည့်သည်တွေကို သွားဧည့်ခံလိုက်ဦးမယ် သမီးဒီမှာ ကြည့်နေခဲ့နော"

ဒေါ်မယ်အုံသည်၊ ရွှန်းလဲ့မိုကို သစ်ခွရုံအနီးတွင်ထားခဲ့ပြီး... အိမ်ကြီးဆီသို့ ပြန်လည်ထွက်ခွာ သွား၏ ။

ရွှန်းလဲ့မိုလည်း သစ်ခွရုံအနီးတွင် ရှိသောခုံတန်းကလေးတွင် ဝင်ထိုင်ပြီး... လက်ထဲက အအေးခွက်ကို သောက်ရင်းခိုင်လုံးညွှတ်မျှ ပွင့်လန်းနေသော ပန်းများကိုကြည့်နေမိ၏ ။

အချိန်တွေ မည်မျှကြာသွားခဲ့သည်ကိုပင် ရွှန်းလဲမိုမသိတော့ပါ...။

♥♥♥

“ရွှန်းလဲ့တစ်ယောက် ဘယ်ပျောက်သွားတယ် မသိဘူး”

“ဆရာမကြီးတူမလေးစိုးစိုးရဲ့သစ်ခွရုံနားကမခွာချင်ဖြစ်နေတယ်။ ကျွန်မသွားခေါ်လိုက်ပါ့မယ်”

“နေနေ..အံ့အံ့..ကျွန်တော်သွားခေါ်လိုက်မယ်။ ကြံ့တုန်းမနက်က ခူးထားတဲ့သရက်သီးတွေ၊ ဆရာမကြီးကို လက်ဆောင်ထည့်ပေးလိုက်ပါဦး”

“အေးအေး..”

“အင်း..ရွှန်းလဲ့တော့ အကြိုက်တွေ့ဦးတော့မှာပဲ”

စိုးထိုက်အောင်သည် သူ့သစ်ခွရုံရှိရာသို့ ထွက်ခဲ့သည်တွင် ... ကြော့ရှင်းလှပသော မိန်းမငယ်ကလေး၊ သူ၏ သစ်ခွပန်းတောတွင် နစ်မျောမိန်းမောနေသည်ကို တွေ့မြင်လိုက်ရသည်။

သူပြုံးမိလိုက်သည်။

သူကလေး၏ အနီးသို့ သူရောက်ရှိသွားသည့်တိုင် မိန်းကလေးက သတိမမူမိသေးဘဲ ရှိနေ၏ ။

“အဟင်း...”

“အမေ့...”

ရွှန်းလဲ့မိသည် ရုတ်တရုတ်ကြားလိုက်ရသော ချောင်းဟန့်သံကြောင့် သိမ့်ခနဲတုံသွားပြီး နောက်သို့လှည့်ကြည့်လာသည်။

“ဆောရီးပဲ... မင်းသစ်ခွပန်းတွေကို သိပ်စိတ်ဝင်စားနေတယ်ထင်တယ်... တို့လာတာတောင် မသိဘူး”

“ဟုတ်တယ်…သစ်ခွပန်းတွေက လှလွန်းလို့ ရွှန်းလဲ့မျက်စိမခွာနိုင် ဖြစ်နေတယ်”

“မင်းသိပ်ကြိုက်ရင် နောက်ကို တို့မျိုးပွားပေးပါ့မယ်”

“အို…နေပါစေ…ဒီလောက်ဈေးကြီးတာတွေ”

“ဈေးကြီးတာက အကြောင်းမဟုတ်ပါဘူးကွာ…ဆွေးနွေးပွဲပြီးသွားပြီ၊ မင်းဒေါ်လေးခင်စောင့် နေတယ်…နောက်နေ့တွေမှာလဲ အေးအေးဆေးဆေး ကတိုးမြိုင်ကို လာကြည့်နိုင်တယ်”

“ဟုတ်ကဲ့ပါ”

ရွှန်းလဲ့မိုသည် ခုံတန်းကလေးပေါ်တွင် ချထားသောဖန်ခွက်ကို သွားယူလိုက်သည်။

သစ်ခွခြံဆီသို့ ကြည့်နေသော စိုးထိုက်အောင်ကို ရွှန်းလဲ့မိုက ပြောလိုက်သည်။

“ခြံကြီးက အကျယ်ကြီးပဲ စိုက်ထားလိုက်တာလဲ စုံနေတာပဲနော်”

“ဟုတ်တယ်…တို့လဲထပ်စိုက်တယ် မေမေတို့ စိုက်ခဲ့တဲ့ အပင်တွေကိုက မနည်းဘူးလေ…”

“တစ်ခြံလုံးကို ပြုစုရှင်းလင်းပေးရမယ့်လူ လိုမှာပေါ့နော်”

“ဟုတ်တယ်.. အရင်ထဲကပဲ ဦးဖိုးကြူးဆိုတဲ့ ဦးကြီးက တစ်ခြံလုံးကိုဂရုစိုက်ကြည့်ပေးတယ်၊ သစ်ခွတွေကိုတော့ ကိုယ့်ဘာသာကိုယ်ပဲ ပြုစုစောင့်ရှောက်တယ်၊ သစ်ခွတွေကိုတော့ ကိုယ့်ဘာသာကိုယ်ပဲ ပြုစုစောင့်ရှောက်တယ်၊ သူတို့က ပိုးသတ်ဆေးလောင်းရတာ ကတို့ ပုံမှန်ဆေး လောင်းရတာ တို့ ရှိတော့သူများကိုခိုင်းလို့မဖြစ်ဘူးလေ”

“ပန်းတွေကို အလှပဲကြည့်တာလားဟင် ”

“ဟုတ်တယ်…အရမ်းရင်းနှီးတဲ့ လူတွေအတင်းဗိုလ်ကျရင်တော့ နည်းနည်းပါးပါးပေးတယ်… တို့က ပန်းကလေးတွေကို မခူးရက်ဘူး သူတို့အပင်ပေါ်မှာပဲ နေကြတာကြည့်လို့ကောင်းတယ် သူတို့အတွက်လဲ သက်ဆိုးရှည်တက်လေ အချိန်တန်လို့ ကြွေကားမှကြွေပေ့ါကွာ”

သူပန်းကလေးများကို မက်မက်မောမော ကြည့်၍ ပြောနေသော စိုးထိုက်အောင်၏ ခန့်ချောသန့်စင်လှသည့် မျက်နှာကို ရွှန်းလဲ့မိုသည် တစ်ငေးတစ်မောပင် ကြည့်မိနေမိလိုက်၏။

ထိုစဉ် စိုးထိုက်အောင်သူ့ထံသို့ ရုတ်တရက်ကြည့်လိုက်သည်။

ရွှန်းလဲ့မိုတစ်ယောက် မျက်နှာမထားတက်အောင် ဖြစ်သွားရ၏။

“အဟင်း…သစ်ပင်တွေအကြောင်းပြောရရင် မိုးလင်းသွားနိုင်တယ် ဆင်ဝင်အောက်မှာ မင်းကိုစောင့်နေတဲ့ ဆရာမကြီးကို အားနာလို့”

“ဟုတ်တယ်…ရွှန်းလဲ့တို့ လမ်းထိပ်လဲ သွားကြရဦးမှာ သွားလိုက်ဦးမယ်နော်”

“နောက်နေ့တို့မရှိဘဲ ကတိုးမြိုင်ကို လာလည်နိုင်ပါတယ် အုံအုံ အမြဲအိမ်မှာ ရှိပါတယ်”

“ဟုတ်ကဲ့ပါ”

♥♥♥

“ရွှန်းလဲ့ရေ ဒီမှာ… သမီးကိုကိုကြီးက သရက်သီးတွေ လက်ဆောင်ပေးလိုက်တယ် ရွှန်းလဲ့စိတ်များ ဆိုးနေမလားမသိဘူး အဟင်း… ဟင်း…ဟင်း”

"သိပ်စိတ်ဆိုးတာပေါ့"

ရွှန်းလဲ့မိုသည် ကြည်လွင်သော အသံကလေးဖြင့် ရယ်မောရင်း သူ့အဒေါ်၏ လက်မှ ကြွတ်ကြွတ်အိတ်ကို လက်ပြောင်းယူလိုက်သည်။

"ကဲ..မောင်စိုးထိုက်အောင်ရေ အားလုံးအတွက် ကျေးဇူးအနန္တပါပဲ… ဒေါ်လေးခင်တို့ကို ခွင့်ပြုပါဦး"

" ဟုတ်ကဲ့ပါခင်ဗျာ"

"သွားမယ်နော"

"ကောင်းပါပြီး ခင်ဗျာ"

စိုးထိုက်အောင်သည် လက်ပိုက်၍ ဆင်ဝင်တိုင်ကိုကျော်မှီကာ တူအရီးနှစ်ယောက်ထွက်ခွာ သွားသည်ကို လှမ်းကြည့်နေ၏ ။

♥ ♥ ♥

## (၂)

“ဆရာမကြီး ဒေါ်ခင်ခင်ထားရဲ့ တူမလေးက ချောလိုက်တာ မှုန်နေတာပဲ…”

“ကျက်သရေလဲ အလွန်ရှိပါတယ် အုံအုံ… သူ့ဆံပင်ရှည်ကြီးကိုကြည့်စမ်း…အုပ်အုပ်ဖါးဖါးနဲ့ နက်မှောင်နေတာပဲ၊ မိန်းမတို့ဘုန်း ဆံတုံးဆိုတာ ဒီလိုကေသာမျိုးကို ခေါ်တာဖြစ်မယ် ဒီခေတ်မှာတော့….အလွန်းရှားပါးပဲ”

“အောင်မယ်.. မင်းက မြင်တက်နေလိုက်တာ”

“အပင်း မျက်စိရှိနေတော့လဲ အကောင်းအဆိုးကို မြင်နေရတာ ပဲပေါ့ အုံအုံရယ် ကဲ…ကျွန်တော့်အတွက် ညနေစာလေးပြင်ပါဦး… အချိန်တောင် နည်းနည်းနောက်ကျသွားပြီ”

သူ့လက်က လက်ပတ်နာရီကို ကြည့်ပြီး စိုးထိုက်အောင်က ပြောလိုက်သည်။

“အင်း… မင်းမလဲ အဲဒီ ကိစ္စကတစ်ဒုက္ခ ခက်ပါတယ်”

ဒေါ်မယ်အုံသည် ညည်းညည်းတွားတွားဖြင့် …မီးဖိုဆောင်ရှိရာသို့ ထွက်ခွာသွား၏ ။

စိုးထိုက်အောင်သည် ရှုက်ထားသောပင့်သက်ကိုချပြီး အိမ်ထဲသို့ လှည့်ဝင်လိုက်သည်။

သူသည် ထမင်းစားခန်းဆီသို့ တန်းလျှောက်သွားပြီး လူတစ်ရပ်ကျော်မြင့်သော ရေခဲသေတ္တာ၏ အလယ်တံခါးကို ဖွင့်လိုက်သည်။

အတွင်းမှ ပုလင်းတစ်လုံးကို ထုတ်ယူကြီး…

အလင်းရောင်တွင်ထောင်ကြည့်လိုက်သည်။

ပုလင်းထဲတွင် အရည်ကလက်လေးလုံးခန့် လျော့နေပါ၏ ။

စိုးထိုက်အောင်သည် ခေါင်းကိုတစ်ချက်ယမ်းလိုက်ပြီး နံရံကပ်ဗီရိုထဲမှ ဖန်ခွက်တစ်လုံးကို ယူကာ ထမင်းစားပွဲဆီသို့ လျှောက်ခဲ့သည်။

ဒေါ်မယ်အုံသည် လင်ပန်းတစ်ချပ်ဖြင့် ထည့်ယူလာသော၊ အကြော်အလှော် အမြည်းပန်းကန်များကို စိုးထိုက်အောင်၏ ရှေ့တွင်ချပေးလိုက်သည်။

စိုးထိုက်အောင်သည် ဝက်အူချောင်းအကြွပ်ကြော်တစ်ဖက်ကို ခက်ရင်းခွကလေးဖြင့် ထိုးယူ၍ ပါးစပ်ထဲထည့်ပြီး သူ့ရှေ့ကဖန်ခွက်ထဲသို့ အရက်ပုလင်းထဲမှ အရက်ကို လက်နှစ်လုံးခန့် ငှဲ့ယူလိုက်သည်။

“စိုးစိုး…မင်းအသည်း ကလဲကောင်းတာမဟုတ်ဘူး ဒီအရက်တွေကို ဖြတ်ပါတော့လားကွယ်”

“အဟင်း…ဟင်း…ဟင်း..ဖြတ်သင့်တဲ့နေကြရင် အလိုလိုပြတ်သွားမှာပါ….ပူမနေပါနဲ့အုံအုံရဲ့”

“မင်းဟာလေ..ပြောလိုက်ရင် ဒီအတိုင်းပဲ…မင်းကို ကြပ်ကြပ်မတ်မတ်ကြည့်နိုင်တဲ့ မိန်းမမြန်မြန်ရမှပဲ အေးမှာပါ”

“တော်ပါအုံအုံရယ်… ဒီတစ်သက်မှာတော့ မိန်းမဆိုရင် ဆယ်ဆလံပဲ… ကြောက်လွန်း လို့ပါဗျာ”

“မိန်းမကောင်း၊ မိန်းမမြတ်တွေလဲ ရှိပါသေးတယ် မင်းမကြုံဖူးသေးလို့ပါ”

“ကြုံလဲမကြုံချင်တော့ပါဘူး…အုံအုံရာ… ကျွန်တော်ခေါင်းထဲမှာ တစ်ခုပဲရှိတယ်၊ အဲဒါ သက်မာစိုးကို မြန်မြန်လက်လွှတ်ဖို့ပဲ…သူတာဝန်ကြီးကို

ကျွန်တော်ရှက်ထားရတာ သိပ်စိတ်ပင်ပန်း တာပဲ တစ်နေ့တစ်နေ့ ဘာအသံကြားရမလဲပဲ ရင်ထိပ်နေရတယ် မကောင်းပါဘူးဗျာ”

စိုးထိုက်အောင်သည် သူ့စကားအဆုံးတွင် …အရက်ခွက်ကို ကောက်သောက်လိုက်သည်။

“ဟိုဟာတွေကလဲ ကလေးမကို မဆုံးမပါဘူး…မင်းသူတို့နောက်ကို သက်မာစိုးကို ထည့်လိုက်တာကိုက မှားတယ်”

“ဘယ့်နှယ်လုပ်မလဲ ဟိုဘက်ကစကားတွေ သူ့နားထဲ သိမ်ဝင်နေတာကိုးဗျား…”

“အင်း…အုံအုံကတော့ တစ်ခုပဲစိတ်ပူတယ်”

ဒေါ်မယ်အုံသည် သူ့စကားကို အဆုံးမသတ်ဘဲ အမြည်းတွေ ကောက်ဝါးနေသော စိုးထိုက်အောင်ကို စိတ်လက်မသက်မသာရှိဟုဟန် ဖြင့်ကြည့်နေ၏။

“ဘာကို စိတ်ပူတာလဲဟင်…အုံအုံက”

“မိုးမြင့်နွယ်တို့ အမျိုးထဲ မင်းနှစ်ခါပြန်ကျမှာကိုပေါ့”

“အား…တော်တော်၊ ကျဖို့မပြောနဲ့ အသံတောင်မကြားချင်ဘူး… ဒီအတွက်တော့ စိတ်ချအုံအုံ…ကျွန်တော်ဒီအမျိုးထဲကနဲ့တော့ ဘယ်တော့မှ အိမ်တောင်ပြန်မထူဘူး”

“အင်း.. မင်းစကားတည်ပါစေလို့ပဲ အုံအုံဆိုတောင်းပါတယ်… မင်းစကားမတည်ရင်တော့ အုံအုံက ကတိုးမြိုင်ကို စွန့်သွားတော့မှာ အသက်လဲကြီးပြီ ဒဏ်မခံနိုင်တော့ဘူး”

“စိတ်ချပါဗျာ.. နုမြတ်ခြယ်အတွက် ကျွန်တော့်ရင်ထဲမှာ နေရာမရှိပါဘူး”

“ကဲ ကဲ …ဘာလိုသေးလဲ၊ အုံအုံ အိမ်ရှေ့ကဖန်ခွက်တွေ

သွားသိမ်းလိုက်ဦးမယ်”

“မလိုတော့ပါဘူး”

ဒေါ်မယ်အုံသည်…လင်ပန်းတစ်ချပ်ကိုကိုင်၍ အိမ်ရှေ့ခန်းဆီသို့ ထွက်ခဲ့တော့သည်။

စိုးထိုက်အောင်သည် ကုန်သွားသော ဖန်ခွက်ထဲသို့ အရက်ပုလင်းကို ကိုင်၍ ထည့်မည်ပြုစဉ်.. သူ့မျက်စိထဲ၌ ယဉ်နွဲ့နွဲ့အမူအရာကလေးဖြင့် လှနေသော ရွှန်းလဲ့မို၏ မျက်နှာကလေးကို မြင်ယောင်မိလာ၏။

“အင်း ရွှန်းလဲ့မိုလေးဟာ ရင်မှာအပူငြိမ်းစေတဲ့အလှ ပိုင်ရှင်မလေးတစ်ယောက်ပဲ၊ မိုးမြင့်နွယ် လိုပုရိသယောကျ်ားတွေရဲ့ အသွေးအသားကို ပွက်ပွက်ဆူစေတဲ့အလှမျိုးသူလေးမှာ တစ်ခုမှမပါ ဘူး၊ သမီးလေးသက်မာစိုးက သူလိုမိန်းကလေး ဆိုရင် .. ငါဘယ်လောက်များ စိတ်အေးချမ်းသာရှိ လိမ့်လဲ… ဟူး”

စိုးထိုက်အောင်သည် သူ့ဦးခေါင်းကို ယမ်းပစ်လိုက်ပြီး…. ဖန်ခွက်ထဲသို့ အရက်ကို လက်နှစ်လုံးခန့် ထည့်ယူလိုက်ပြီး၊ ဆော်ဒါနှင့်စပ်လိုက်သည်။ ပြီးလျှင်ရေခဲတုံးကလေး သုံးလေး တုံးကို အရက်ဖန်ခွက်ထဲသို့… ထည့်နေပြန်၏။

“ငါ့ဘဝဟာ ဆယ့်ခုနနှစ်၊ ဆယ့်ရှစ်နှစ်လုံးလုံး အကျဉ်းကျသလို ဖြစ်ခဲ့ရတယ်… စိတ်အေးချမ်းသာမှု ကင်းခဲ့ရတယ် အနေမတတ် အထိုင်မတတ်မှု တစ်ခုအတွက် ငါပေးဆပ်ခဲ့ရတဲ့ အချိန်တွေက အနည်းပါလား”

အရက်ဖန်ခွက်ကို လက်တွင်ကြေမွသွားလုမတတ် ဆုပ်ကိုင်ထားရင်း… စိုးထိုက်အောင်သည် အံကိုတင်းနေအောင် ကြိတ်ထားနေ၏။

ထိုစဉ် တယ်လီဖုန်းကဝင်လာ၏

စိုးထိုက်အောင်သည် သူ့ခါးကြားတွင် ချိတ်ထားသော

ဆယ်လူလာဖုန်းကို ဖြုတ်၍ နားထောင် လိုက်သည်။

“ဟလို…”

“ဟဲလို ဖေဖေကြီးလား”

“ဟုတ်တယ်”

“ဘာလုပ်နေတာလဲ-”

“ဒီအချိန် ဖေဖေကြီးဘာလုပ်တက်တယ်ဆိုတာ သမီးသိသားနဲ့ကွာ အပိုတွေမေးနေတယ်”

“ အဟင်း..ဟင်း..ဟင်း.. တစ်ယောက်တည်းလား အနားမှာ အမြည်းခွံ့ပေးမယ့်လူကော ရှိနေလားဟင်”

“သက်မာစိုး…”

“အား နားကွဲပါပြီ… ဖေဖေကြီးကလဲ တိုးတိုးသက်သာလုပ်စမ်းပါ… သက်မာကစတဲ့ဥစ္စာကို..”

“သက်မာအလုပ်မရှိရင် စာကျက်… အပိုတွေလျှောက် လုပ်မနေနဲ့”

“သက်မာက ပြောစရာရှိလို့ဆက်တာပါ”

“ပြောစရာရှိရင် ပြော…ပြော… မြန်မြန်ပြော”

“ဖေဖေကြီးကလဲ ဒေါသချည့်ပဲ… ဒီမှာဖေဖေကြီးရဲ့သက်မာ ဒေါ်လေးနုတို့နဲ့ ရှမ်းပြည်ဘက်ကို အလည်လိုက်သွားမလို… အဲဒါမုန့်ဖိုးတောင်းမလို့..ပြီးတော့..မနက်ဖြန်ဖေဖေကြီး ရန်ကုန်လာရင် သက်မာရဲ့အခန်းထဲက ဗီရိုပေါ်မှာရှိတဲ့ ကျောပိုးအိတ်နဲ့ အုံအုံကြီးကို လုပ်ခိုင်းထားတဲ့ အစိမ်းသနပ်နဲ့ ငါးပိကြော်ကို ယူလာပေးပါ”

“ဆယ်ီတန်းတက်ရတော့မယ် စာကြိုကျက်ပါဆိုတာ

လမ်းသလားပဲထွက်နေတာပဲ၊ သမီးကိုတော့ ဖေဖေကြီးမပြောချင်တော့ဘူး-”

“ဖေဖေကြီးကလဲ…ကျောင်းမဖွင့်ခင်ကလေး သွားရတာ လုပ်ပါ သမီးပြောတာတွေ ဆက်ဆက်လာပို့ပေးပါ”

“အေးကွား…အေး…အေး”

“ဒါမှတို့ဖေဖေကြီးကွ… နှောက်ယှက်မိတာ ဆောရီးပဲ ဆက်သောက်နော် တာ့တာ”

“တောက်..”

စိုးထိုက်အောင်သည် တက်ခေါက်ပြီး ဆယ်လူလာဖုန်းကို ပိတ်ကာ စားပွဲပေါ်သို့ ခပ်ဆောင့်ဆောင့်ချလိုက်သည်။

“ဘာတဲ့လဲ… သက်မာစိုးလား”

ထမင်းစားခန်းထဲသို့ ပြန်ဝင်လာသော ဒေါ်မယ်အုံက လှမ်းမေးလိုက်သည်။

“ခရီးထွက်ဦးမလို့တဲ့…ရှမ်းပြည်ဘက်ကို၊ အုံအုံ့ကိုလဲ အစိမ်းသနပ်နဲ့ ငပိကြော်ခိုင်းထား တယ်ဆို”

“ဟုတ်တယ်… နေ့လယ်က ဖုန်းဆက်ပြောလို့အရန်သင့်ကြော်ထားပြီး ပုလင်းတွေထဲတောင် ထည့်ထားပြီးပြီး”

“ဟား… ခက်တာပဲ ဒီမိန်းမ ခြေငြိမ်ငြိမ်ကို မနေနိုင်ဘူးလားမသိဘူး…”

“မျိုးနဲ့ရိုးနဲ့ခြေမငြိမ်တဲ့ဟာတွေ ပြောမနေနဲ့လေကုန်တယ်၊ ဒင်းတို့ထဲမင်းသမီးက ကန့်လန့်ကန့်လန့်ပါနေတာ ခက်တယ်”

“မအေသွေးကိုက စူးလို့နေမှာပေါ့ဗျာ”

ဒေါ်မယ်အုံသည် အရက်ခွက်ကို ကောက်သောက်နေသော တူဖြစ်သူကို

ငိုင်ခနဲတစ်ချက်ကြည့်နေပြီးမှ ဦးခေါင်းကို ယမ်းကာ.. ဆေးကြောရမည့် ဖန်ခွက်ဘန်းကိုကိုင်၍ မီးဖိုဆောင်ဆီသို့ ထွက်ခွာသွား၏။

♥ ♥ ♥

## (၃)

"ဦးစိုးထိုက်အောင်က သိပ်အသက်မကြီးသေးဘူးနော် ဒေါ်လေးခင်"

"ဟုတ်တယ်"

"လူကလဲ ခန့်ခန့်ချောချောကြီးပဲနော်"

"ဟုတ်တယ်၊ သူ့မိန်းမ မိုးမြင့်နွယ်ဆိုတာလဲ မယ်ဘွဲ့ရထားတဲ့ မိန်းကလေး သူတို့နှစ်ယောက်များတွဲများသွားရင် အတွဲညီပြီး သိပ်ကြည့်လို့ကောင်းတယ်"

"ဟုတ်လား၊ သူ့မိန်းမခုအိမ်မှာ မရှိဘူးနဲ့တူတယ်နော် အရိပ်အယောင်တောင် မတွေ့ခဲ့ရဘူး"

"သူ့မိန်းမက ဆုံးသွားရှာပြီး တူမလေးရဲ့-"

"ဟင်"

ရွှန်းလဲ့မိုသည် လှမ်းနေသောခြေလှမ်းများ တုံ့သွားသည် သို့ဖြစ်ပြီး အဒေါ်ဖြစ်သူ၏ မျက်နှာကို လှည့်ကြည့်လိုက်သည်။

"ဟုတ်တယ်...သားအိမ်ကင်ဆာနဲ့ ဆုံးသွားတာ ခုဆိုရင် အခါလည်လောက်ရှိပြီ-"

"အို.. ဖြစ်မှဖြစ်ရလေ...သူတို့မှာ သားသမီးကော မထွန်းကားဘူးလားဟင် ဒေါ်လေးခင်"

“သမီးလေးတစ်ယောက်ရှိတယ် သူ့နာမည်က သက်မာစိုးတဲ့…သူက “ဒီကတိုးမြိုင်”မှာ နေရတာ မပျော်ဘူးဆိုပြီး သူ့အမေဘက် အဒေါ်တွေနဲ့ ရန်ကုန်မှာ သွားနေတယ်လေ”

“သူက ဘယ်အရွယ်လေးလဲဟင်”

“ရှုန်းလဲ့ထက် နှစ်နှစ်လောက်ပဲငယ်မယ်နဲ့တူတယ်၊ ဒီနှစ်သူက ဆယ်တန်းတက်မှာလေ… သူ့အမေရှိတုန်းက ဒီကလေးမကို ဒေါ်လေးခင် အင်္ဂလိပ်စာသင်ပေးဖူးတယ် ကလေးမလေးက တစ်မျိုးပဲ”

“ဘယ်လိုတစ်မျိုးလဲဟင်..ဒေါ်လေးခင်”

“ဂုဏ်ရှိန်အားကြီးမောက်တယ် ပတ်ဝန်းကျင်နဲ့ ဆက်ဆံရေး လုံးဝမကောင်းဘူး…အင်း… မောင်စိုးထိုက်အောင် ခများလဲကြည့်ရတာ … အိမ်ထောင်ရေး ပြေပြစ်ခဲ့ပုံမရဘူး သူတို့လင်မယားက ဆယ့်နှစ်ရာသီးစကားများ၊ ရန်ဖြစ်နေကြတာပဲ။ တစ်ခါတလေ ဒေါ်လေးခင်ရှေ့တောင် မရှောင်နိုင်ဘူး ဖြစ်ကြတယ် ဆိုးတာက မိုးမြင့်နွယ်ပါ”

“မိုးမြင့်နွယ်ဆိုတာ ဦးစိုးထိုက်အောင်ရဲ့ ဇနီးပေါ့ ဟုတ်လားဒေါ်လေးခင်”

“ဟုတ်တယ်”

“သူက ဘယ်လိုဆိုးတာလဲဟင်”

“အပေါင်းအသင်းများတယ်၊ ဆိုရှယ်ကျတယ်… အိမ်ထောင်ရှင်မ မပီသဘူး.. .အလုပ်ပျက်မှာစိုးလို့ ကိုယ့်ရင်သွေးတောင် ကိုယ်နို့ချိုမတိုက်ကျွေးခဲ့ဘူးဆိုတော့ သူ့အကြောင်းကို တူမလေးစဉ်းစားကြည့်ပေါ့ကွယ်”

“ဩော် …ဒုက္ခပါပဲ”

“အဲ ဟုတ်ပါရဲ… သူများအကြောင်း စပ်စုလာလိုက်တာ စတိုးဆိုင်ရှေ့ ရောက်နေမှန်းတောင် မသိလိုက်ဘူး အဟင်း..ဟင်း…ဟင်း”

ရွှန်းလဲ့မိုသည် ရယ်မော၍ ပြောရင်း စတိုးဆိုင်ထဲသို့ ဝင်လိုက်သည်။

သူ့အတွက် အသုံးလိုနေသော၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာခွက်၊ ရေချိုးဆပ်ပြာ၊ အစရှိသည်တို့ကို ရွှန်းလဲ့မိုက ဝယ်ယူလိုက်သည်။

ဒေါ်ခင်ခင်ထားကတော့၊ သူ့တူမချောကလေးကို တိုက်ကျွေးဖို့ စူပါကော်ဖီမစ် အထုပ်ကြီးတစ်ထုပ်နှင့် ကိတ်မုန့်ခြောက်ထုပ်များကို ဝယ်ယူလိုက်သည်။

“ဒေါ်လေးခင် ရွှေစာဘာကူညီရဦးမလဲ”

“ဩော်…ရွှေစာ…နေနေ… ဝန်ထုပ်ဝန်ပိုး မရှိပါဘူး ကျေးဇူးပါပဲ”

“ဒါဆို ရွှေစာသွားမယ်”

“အေး … အေး”

“ သူကဘယ်သူလဲဟင်”

သက်လတ်ပိုင် နွမ်းနွမ်းပါးပါးရှိလှသော အမျိုးသမီးကိုကြည့်၍ ရွှန်းလဲ့မိုက သူ့အဒေါ်ကိုမေး လိုက်သည်။

“ အဲဒါ ကတိုးမြိုင်ခြံမှာ ခြံအလုပ်သွားလုပ်လုပ်ပေးနေတဲ့ ဦးဖိုးကြူးဆိုတဲ့ လူကြီးရဲ့သမီး ရွှေစာဆိုတာပေါ့ ဒီမိန်းကလေးကရပ်ကွက်ထဲမှာလဲ အဝတ်လျှော်ရေခပ် လိုက်လုပ်တယ် ကတိုး မြိုင်ခြံကိုလဲ အဝင်အထွက်ရှိတယ် .. သူ့ဆီကပဲ ကတိုးမြိုင် အကြောင်းတွေအပြင်ကိုထွက်ထွက် လာတာပေါ့ကွယ်”

“ ဒေါ်လေးခင်ကို အိမ်မှုကိစ္စတွေ လာလာကူတယ်ဆိုတာ သူပဲလားဟင် ”

“ ဟုတ်တယ် .. သူပဲ .. သတိပေးထားရဦးမယ် .. သူကစကားရောင်း စကားဝယ်လဲ အားကြီးလုပ်တတ်တယ်၊ သတိထားဆက်ဆံနော်.. ရွှန်းလဲ့”

“ ဟုတ်ကဲ့ပါ”

အပြန်ခရီး ကတိုးမြိုင်ခြံကိုဖြတ်လျှောက်သည့် အချိန်တွင် ရွှန်းလဲ့မိုသည် ထိုခြံကြီးဘက်သို့ ကြည့်မိလိုက်၏ ။

စောစောကပွင့်နေသော ဝင်းတံခါးကြီး ပိတ်နေပြီး ... မီးရောင်တွေလင်းလက်နေသော အခန်း အချို့ကိုတွေ့မြင်ခဲ့ရ၏ ။

“ ဦးစိုးထိုက်အောင်က ဘာအလုပ်လုပ်လဲဟင် .. ဒေါ်လေးခင် -”

“တူမလေးက မောင်စိုးထိုက်အောင် အကြောင်းစိတ်ဝင်စားလှချည်လား”

“အား... ဘာရယ်မဟုတ်ပါဘူး ... ဒေါ်လေးခင်ရာ”

“အဟင်း .. ဟင်း... ဟင်း အလကားစတာပါကွယ်... မောင်စိုးထိုက်အောင်က ဆောက်လုပ် ရေးအင်ဂျင်နီယာတစ်ယောက်ပဲ၊ သူကအဆောက်အအုံနဲ့ ပတ်သက်တဲ့ ပစ္စည်းရောင်းဝယ်တဲ့ ကုမ္ပဏီတစ်ခု ထူထောင်ထားတယ် များသောအားဖြင့်တော့ နိုင်ငံခြားတွေကိုပဲ ခရီးထွက်နေတာ တွေ့ရတယ်၊ ရန်ကုန်မှာနေရင်တော့ ကတိုးမြိုင်မှာပဲ လာနေလေ့ရှိတယ်၊ ရန်ကုန်က သူ့အိမ်ကြီးက တော့ အချိန်ပြည့်ပိတ်ထားနေရသလိုပဲလို့ ဒေါ်မယ်အုံက ပြောဖူးတယ်”

“ဒါဆို .. ရန်ကုန်မှာလဲ သူ့အိမ်ရှိတာပေါ့နော်-”

“ရှိတယ် ခြံနဲ့ဝင်းနဲ့ နေရာကောင်းမှာလို့ သိရတာ ပဲ-”

“သူ့သမီးက အဲဒီ မှာနေတာလား-”

“ မဟုတ်ဘူး သူ့သမီးက သူ့အမေရဲ့ညီမအငယ်ဆုံးရယ် ကြီးဒေါ်ရယ်နဲ့ အတူနေတာ-”

"သြော် .... သြော်"

စကားတပြောပြောနှင့် တူအရီးနှစ်ယောက် အိမ်ပြန်ရောက်လာခဲ့ကြ၏ ။

ခေတ္တမျှနားနေပြီး ...... ညစာကို စားသောက်လိုက်ကြသည်။

"ဒေါ်လေးခင် ရေနွေးကြမ်းနဲ့ အချိုလေးတည်းလိုက်ပါဦး"

ရွှန်းလဲ့မိုသည် လက်ထဲကစားသောက်ဖွယ်ရာများထည့်ထားသော လင်ပန်းကို အဒေါ်ဖြစ်သူ ၏ ရှေ့တွင် ချပေးပြီးထိုင်လိုက်သည်။

" ဒေါ်လေးကတော့ လက်ဖက်ပဲစားမယ်"

"စားလေ"

လက်ဖက်အုပ်ကလေးကို ရွှန်းလဲ့မိုက ဖွင့်ပေးလိုက်သည်။

"တူမလေးယူလာတဲ့ ငှက်ပျောခြောက်နဲ့ ကညွတ်တွေများနေတယ် မနက်ကျရင် ကတိုးမြိုင် ကိုလဲလက်ဆောင်ပေးလိုက်မလားလို့ စိတ်ကူတာပဲ - "

"ကောင်းသားပဲ ဒေါ်လေးခင် "

ဒေါ်ခင်ခင်ထားသည် လက်ဖက်အုပ်ထဲမှ လက်ဖက်တစ်ဇွန်းကိုခပ်၍ တစ်မြုံ့မြုံ့ဝါးနေ၏ ။

ရွှန်းလဲ့မိုကတော့ .. ကညွတ်ကြော်များကို တို့ကနန်းဆိတ်ကန်းစားနေ၏ ။

" ဒေါ်လေးခင်က စဉ်းစားနေတယ် တူမလေးကိုနေ့ကျောင်းပဲ တက်ခိုင်းရင်ကောင်းမလားလို့"

"အင်း... ရွှန်းလဲ့ကတော့ ဒီမှာနေ့ကလေးထိန်းကျောင်းကလေးဖွင့်ထားပြီး အဝေးသင်ပဲတက် မလားလို့စိတ်ကူးတယ်ရွှန်းလဲ့ပညာသင်စရိတ်အတွက် ဝန်မလေးရတော့ဘူးပေါ့

ဒေါ်လေးခင်ရယ်”

“အောင်မယ်အေ .. ပညာသင်စရိတ်အကြောင်းထည့်မပြောစမ်းပါနဲ့၊ ညည်းကလေးကို ပညာသင်ပေးဖို့လောက်ကတော့ ကျုပ်မှာစုဆောင်းထားတာရှိပါတယ်”

“ မဟုတ်သေးဘူလေ .. ဒေါ်လေးခင်ရဲ့ မတ်တပ်စာတုံးလုံးစာ တစ်သက်လုံးစုလာတဲ့ ငွေလေးတွေရွှန်းလဲ့ အတွက် သုံးပစ်လို့ဘယ်ဖြစ်မှာလဲ”

“အောင်မယ်နော် .. မအေထက်သား တစ်လကြီးတယ်လဲတတ်နေပါလားဟဲ့ ”

“ အဟင်း .. ဟင်း .. ဟင်း .. ရွှန်းလဲ့က ကုန်မှာခန်းမှာစိုးလို့ ပြောရတာပါ ပြီးတော့လဲ ရွှန်းလဲက ဒီဂရီတစ်ခုခုရသွားရင် ဒေါ်လေးခင်လိုပဲ ကျောင်းဆရာမလုပ်မယ်လို့ စိတ်ကူးထားတော့ ခုကတည်းက ခြေခံရအောင် ဆရာမလုပ်ထားမလို့လေ”

“ညည်းကလေးက လျှောက်လဲချက်တွေ သိပ်ကောင်းတယ် သဘော.. သဘော ညည်းလေး သဘောပါပဲ”

ရွှန်းလဲ့မို၏ မျက်နှာကလေး ဝင်းလက်၍ လာ၏။

“ကလေးတွေကို စာသင်ဖို့ အိမ်ဘေးဘက်ကို အဖီတစ်ခုဆွဲချလိုက်ရင် ရမယ်လို့ ထင်တယ်”

“ အိုး ရမှရ .. နေရာကနည်းမှတ်လို့ ပေနှစ်ဆယ်အစိတ်လောက်ရှိတာ”

“ရွှန်းလဲ့မှာစုထားတဲ့မုန့်ဖိုးတွေနဲ့ စိန်နားကပ်တစ်ရံ စိန်လက်စွပ်တစ်ကွင်းပါတယ် ရွှန်းလဲ့တစ် ခုခုကိုရောင်းပြီး အဖီချချင်တယ် ဒေါ်လေးခင်”

“ရှိပြီးသားပစ္စည်းကို မထုခွဲချင်နဲ့ ရွှန်းလဲ့၊

ညည်းလေးကအပျိုလေးအရွယ်လေး၊ ဒါလေးတွေ ကိုဝတ်သင့်တယ်။ အဖိုးတွက်စိတ်မပူပါနဲ့ ဒေါ်လေးခင်အားလုံး စီစဉ်ပေးမယ် ညည်းလေးလိုချင်တဲ့ ပုံစံဖြစ်စေရမယ်။

သူ့အပေါ်အကြင်နာတွေ မျှဝေနေသော အဒေါ်ဖြစ်သူကို ရွှန်းလဲ့မိုသည် ကျေးဇူးတင်လှစွာ သောမျက်နှာကလေးဖြင့် ကြည့်နေ၏ ။ ဒေါ်ခင်ခင်ထားသည် ရွှန်းလဲ့မိုအအေးခံထားပေးသော ရေနွေးကြမ်းတစ်ခွက်ကို သောက်ပြီးသည်နှင့် ခင်းထားသောဖျာပေါ်တွင်လှဲ၍ ခါးဆန့်လိုက်သည်။

ရွှန်းလဲ့မိုသည် အဒေါ်ဖြစ်သူ၏ အနီးသို့ တိုးရွှေ့သွားလိုက်ပြီး ခြေသုပ်လက်နယ်မှု့ကိုပြုလိုက် သည်။

" တူမလေးရှိမနေတာ ဟိုအမျိုးယုတ်သားအမိတော့ သိပ်ပျော်မှာပဲ"

"ဒါပေ့ါနော် ဒေါ်လေးခင်ရယ်.. ရွှန်းလဲ့ကတော့ ပြတ်ပါတယ် ဘာကိုမှလဲမမက်မောဘူး.. အမွေဆိုင်အိမ်ကိုရောင်းရရင်လဲ သူတို့ပေးချင်ပေး မပေးချင်နေ ရွှန်းလဲ့ဘာမှအရေးမဆိုက်ဘူး.. ရွှန်းလဲ့မှာ ခြေနှစ်ဖက်လက်နှစ်ဖက် အကောင်းရှိတယ် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဘဝကိုကောင်း ကောင်းထူနိုင်ပါတယ်"

" အေး.. အဲဒီ လို သတ္တိမျိုးမွေးစမ်း .. ဒါမှဒေါ်လေးခင်ရဲ့တူမ ဒေါ်လေးခင်ကိုကြည့်စမ်း ကိုယ်အားကိုယ်ကိုးပြီး ဘဝကိုရင်ဆိုင်လာတာ မြင်တယ်မဟုတ်လား"

"ရွှန်းလဲ့က .. ဒေါ်လေးခင်နဲ့ပ အတူမနေရပေမယ့် ဒေါ်လေးခင်ကို အားကျနေမိတဲ့သူပါ လူမရောက်ရပေမယ့် စိတ်ကအမြဲပဲ ဒေါ်လေးခင်ဆီကို ရောက်ရောက်နေတယ်"

"ဒေါ်လေးခင်လဲ ဒီလိုပါပဲကွယ် ကိုယ့်တူမလေးကိုယ့်ဆီဘယ်တော့များမှ ရောက်ပါ့မလဲလို့ မျှော်လင့်လိုက်ရတာ ခုတော့စိတ်အေးပြီ တို့တူအရီးနှစ်ယောက်

ကွဲကွာနေစရာ အကြောင်းမရှိ တော့ဘူးဒါနဲ့တူမလေးမှာ ဟိုမှာရည်စားသနံများကျန်ရစ်ခဲ့သလားဟင်”

“ အို .. ရွှန်းလဲ့မှာ ချစ်သူမရှိပါဘူး ဒေါ်လေးခင် ၊ မေမေနဲ့ ဖေဖေတို့ ဒေါ်လေးသီတို့ အိမ်ထောင်ရေးတွေကိုကြည့်ပြီး စိတ်ကုန်လွန်းလို့ အိမ်ထောင်ပြုရမှာကိုသိပ်ကြောက်တယ်”

“ ဒီလိုလဲ ဘယ်ဟုတ်မလဲကွယ် .. သင့်မြတ်ကောင်းမွန်တဲ့ လူကိုတွေ့ရင် တူမလေးအိမ် ထောင်ထူရမှာပေ့ါ။ ဒေါ်လေးခင်က အပျိုကြီးပေမယ့် တူမလေးကိုတော့ အိမ်ထောင်ပြုစေချင်တယ် တစ်ယောက်တည်းသမားဆိုတာ တယ်အထီးကျန်ဆန်တယ်၊ တို့မျိုးမျိုးဆက်သစ်ကလေးတွေ ကျန်ဖို့လဲလိုသေးတယ်လေ တကယ်လို့များ တူမလေးနှစ်ခြိုက်တဲ့လူတွေ့လာရင် ဒေါ်လေးကိုပြော နော် ဒေါ်လေးခင် သင့်မသင့်ဆုံးဖြတ်ပေးမယ်”

“ ဟုတ်ကဲ့ပါ .. ခုတော့ မစဉ်းစားသေးပါဘူး စိတ်ထဲမှာ ဘွဲ့တစ်ခုခုရချင်တာပဲရှိတယ်”

“ဟုတ်ပါတယ် ၊အိမ်ထောင်သားမွေးလုပ်ဖို့ တူမလေးကငယ်ပါသေးတယ် ပညာရအောင်သင် ရဦးမှာပေ့ါ ကဲ..ကဲ ညောင်းရော့မယ်တော်တော့ ဒေါ်လေးခင်လဲ တူမလေးနှိပ်ပေးတာ တော်တော့ ကိုအကြောပြေသွားတယ်”

ဒေါ်ခင်ခင်ထားသည် ထထိုင်ပြီး .. ရေနွေးကြမ်းတစ် ခွက်ကိုသော်နေပြန်ပါ၏ ။

“ဒေါ်လေးခင်”

“ဘာလဲရွှန်းလဲ့”

“ဒေါ်လေးနေသာထိုင်သာရှိတဲ့ နေ့တစ်နေခင်းလေး၊

ရွှေတိဂုံဘုရားကြီးကိုသွားဖူးချင်တယ်၊ မေမေနဲ့ ဖေဖေအတွက် အလှူလုပ်ဖို့ ရည်စူးထားတာလဲရှိလို့”

“သွားလေ .. ဒေါ်လေးခင်က နေကောင်းပါတယ် မနက်ဖြန်အဖိတ်နေ့ မနက်ဖြန်သွားရ တောင်ရတယ်၊ သွားမလားဟင်”

“ဟုတ်ကဲ့.. ရွှန်းလဲ့သွားချင်ပါတယ်”

“ကဲ ဒါဆိုလဲစောစောအိပ်ရာဝင်တော့ .. စောစောထသွားပြီး မွန်းမတိမ်းခင် ပြန်လာကြရ အောင်လို့”

“ဟုတ်ကဲ့ ဒေါ်လေးခင်”

ရွှန်းလဲ့မိုသည် အကြမ်းအိုးနှင့် အချိန်ပန်းကန်ထည့်ထားသော လင်ပန်းကိုသိမ်းလိုက်တော့ သည်။

♥ ♥ ♥

## (၄)

စိုးထိုက်အောင်သည် ရိတ်သင်ပြီး၍ ချောမွတ်နေသော သူ့မေးကိုလက်ဖြင့် အသာပွတ်သပ်ပြီး ...ပုလင်းပြားပြားကလေးထဲက အမွှေးဆီကိုလိမ်းလိုက်သည်။

ဖြူစင်သန့်စင်ခန့်ညားနေသော သူ့မျက်နှာကိုမှန်ထဲတွင် သုံးသပ်ကြည့်နေရင်းက သူ့မျက်စိထဲ တွင်ယဉ်နွဲ့နွဲ့ကလေးနှင့် ကျက်သရေရှိစွာ လှပနေသောရွှန်းလဲ့မို၏ မျက်နှာကလေးကိုမြင်ယောင် မိလာ၏

“ အာ. မဟုတ်သေးပါဘူး ငါ့မျက်စိထဲ ဒီကောင်မလေးကိုချည်းမြင်ယောင်နေမိပါလား ခက်တော့နေပါပြီ”

အမွှေးဆီပုလင်းလေးကို စင်ပေါ်တွင် ပြန်ချထားရင်း...

စိုးထိုက်အောင်တစ်ယောက် ခေတ္တမျှ ငိုင်တွေသွား၏ ။

အတန်ကြာလျှင် အသိဉာဏ်ကိုချွန်းအုပ်မိလိုက်ဟန်ဖြင့် ပင့်သက်ရှိုက်ပြီး ခေါင်းယမ်းကာ မှန်တင်ခုံရှိရာထွက်ခဲ့သည်။

ခုတင်ပေါ်တွင် အသင့်ထုတ်ထားသော အဝတ်အစားများကို သူဝတ်ဆင်လိုက်သည်။ ထို့နောက် သူသည်မီးခံသေတ္တာအတွင်းမှ ငါးရာတန်ငွေစက္ကူနှစ်ထုပ်ကို ထုတ်ယူပြီးပိုက်ဆံအိတ်ထဲ သို့ထည့်လိုက်သည်။

စီစဉ်ဆောင်ရွက်မည့် ကိစ္စများတစ်ခုပြီးတစ်ခု ဆောင်ရွက်ပြီးသောအခါ စိုးထိုက်အောင်သည် သူ့အိပ်ခန်းတံခါးကို ပိတ်ခဲ့ပြီး အိမ်ပေါ်ထပ်ဆီမှ ဆင်းခဲ့သည်။

"စိုးစိုးရေ ယူသွားရမယ့်ပစ္စည်းတွေ အိမ်ရှေ့စားပွဲပေါ်မှာ အဆင့်သင့်ပဲ "

"ဟုတ်ပြီ အုံအုံ"

အိမ်ရှေ့ဆင်ဝင်အောက်မှ အိမ်ထဲသိုပလှမ်းဝင်လာသော ဒေါ်မယ်အုံက စိုးထိုက်အောင်ကို လှမ်းပြောလိုက်သည်။

"လက်ထဲကဘာအထုပ်လဲအုံအုံ"

"ဩော် ...ကတွက်ယိုနဲ့ ငှက်ပျောခြောက်တွေလေ ခုပဲ ဆရာမကြီး ဒေါ်ခင်ခင်ထားတို့ တူအရီးလက်ဆောင်လာပို့သွားတာ -"

ဟင်-ဟုတ်လားသူတို့အိမ်ထဲမဝင်ကြဘူးလား ဟိုမှာသိပ်မကြာဘူး"

"မဝင်ဘူးသွားစရာရှိလို့တဲ့"

"ကျွန်တော် .. မနက်စာအမီပြန်လာမှာအုံအုံ ဟိုမှာ သိပ်မကြာဘူး"

"အေး.. အေး"

စိုးထိုက်အောင်သည် ကားဂိုထောင်ဆီသို့သွားပြီး သူ၏ အဖြူရောင် မတ်(ခ်) တူးကားကြီးကို မောင်းထုတ်လာခဲ့သည်။

“ အုံအုံ.. ဦးဖိုးကြူးလာရင် ခဝဲသီးတွေခူးပြီး ယူသွားလို့ပြောလိုက်”

“အေး အေး”

“ကျွန်တော်သွားမယ်ဧည့်သည်လာရင် နေ့ခင်းလောက်ပြန်ရောက်မယ်လို့ ပြောလိုက်နော်”

“အင်းပါ”

စိုးထိုက်အောင်သည်၊ ကတိုးမြိုင်ခြံကြီးအတွင်းမှ သူ့ကားကိုမောင်းထွက်ခဲ့သည်။

လမ်းသွယ်ကလေးထဲကထွက်၍ ပေတစ်ရာလမ်းမကြီးပေါ်သို့ တက်လိုက်သည်နှင့် ကားမှတ် တိုင်တွင် ရပ်နေသော ဆရာမကြီးဒေါ်ခင်ခင်ထားတို့ တူအရီးကို စိုးထိုက်အောင် တွေ့မြင်လိုက်၏ ။

ရတ်တရက်ရင်မှာ ထိတ်ခနဲ့ခုတ်၍ နွေးထွေးသွားမှုကို သူခံစားလိုက်ရ၏ ။

ရင်ခုန်သံအရှိန်ပြင်းနေဆဲမှာပင် သူ့ကားကြီးသည် ကားဂိတ်ဆီသို့ရောက်ရှိသွားပြီး အရှိန် သတ်သွားခဲ့၏ ။

အဒေါ်ဖြစ်သူနှင့် ပြုံးရယ်စကားပြောနေရာမှ ရွှန်းလဲ့မိုသည် အံ့ဩသောမျက်နှာကလေးအ သွင်ကိုပြောင်းသွားပြီး တဖြည်းဖြည်းပွင့်ကျလာသည့် ကားမှန်ကိုကြည့်နေ၏ ။

“ဆရာမကြီးတို့ဘယ်သွားကြမလို့လဲ”

“ဩော် မောင်စိုးထိုက်အောင်ကို .. ဘယ်သူများလဲလို့.. ဒေါ်လေးခင်တို့တူအရီး ရန်ကုန်ကို ဘုရားဖူးသွားမလို့လေ”

“ဟုတ်လား …ဒါဆိုလိုက်ခဲ့လေ လမ်းသင့်တာပဲ ကျွန်တော်ခေါ်သွားမယ်”

“အိုနေပါစေ.. ရွှန်းလဲ့တို့အတွက် ဦးစိုးထိုက်အောင် သွားရမယ့်ခရီးအချိန်ဖင့်နေပါ့မယ်”

ရွှန်းလဲ့မိုက ကားထဲငုံ့ကြည့်ကာပြောလိုက်သည်။

“ဘာအချိန်မှ မဖင့်ပါဘူးဗျာ .. လာပါ.. ဘုရားဖူးပို့ပေးပြီး ကုသိုလ်ယူချင်လို့ပါ ”

ကားနောက်ခန်းတံခါးကို ဖွင့်ပေးလိုက်သဖြင့် ဒေါ်ခင်ခင်ထားတို့တူအရီးလည်း တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ပြီး အားတုံ့အားနာအမူအရာနှင့်ပင် ကားပေါ်သို့ တက်လိုက်ကြသည်။

မှတ်တိုင်မှ ကားကလေးလျှောခနဲ့ထွက်ခွာသွား၏ ။

“ဒေါ်လေးခင်တို့က ဘယ်ဘုရားကိုသွားဖူးကြမှာလဲဟင်”

ကားနောက်ကြည့်မှန်မှ နောက်ထိုင်ခုံရှိ ဒေါ်ခင်ခင်ထားနှင့်ရွှန်းလဲ့မိုကို ကြည့်ကာ စိုးထိုက်အောင်က မေးလိုက်သည်။

“ရွှန်းလဲ့က ကွယ်လွန်သူသူ့မိဘများအတွက် ရွှေတိဂုံဘုရားမှာအလှူတစ်ခုပြုချင်လို့တဲ့ကွယ်”

“ရွှန်းလဲ့မိုမှာ မိဘတွေမရှိကြတော့ဘူးဟုတ်လား၊ ဒေါ်လေးခင်”

“ဟုတ်ပါတယ်.. ရွှန်းလဲ့မေမေ ဒေါ်လေးခင်ရဲ့ မမကြီးက ရွှန်းလဲ့ခုနနှစ်သမီးမှာ ဆုံးသွားရှာ တယ်ရွှန်းလဲ့ဖေဖေကတော့ မနှစ်ကမှ ဆုံးသွားတာပါမောင်စိုးထိုက်အောင်”

“ဩော် ..စိတ်မကောင်းပါဘူးဗျာ”

ခေါင်းကလေးငုံ့ထားနေသော ရွှန်းလဲ့မိုကို စိတ်မကောင်းလှဟန်ဖြင့် စိုးထိုက်အာင်က တစ်ချက် ကြည့်ရင်းပြောလိုက်သည်။

“ခု -အဖေ့ဘက်ကအဒေါ်နဲ့ အမွေကိစ္စတွေ မကြည်မလင်ဖြစ်ကြလို့ ..ရွှန်းလဲ့က ဒေါ်လေးခင် ဆီကိုအပြီးဆင်းလာခဲ့တာ မောင်စိုးထိုက်အောင်ရဲ့”

“ရွှန်းလဲ့ကကျောင်းမနေဘူးလား”

“ရွှန်းလဲ့ဆယ်တန်းအောင်ထားပြီးပြီး ဒီနှစ်ကျောင်းဖွင့်ရင် တက္ကသိုလ်ဆက်တက်မယ်”

“ကောင်းတယ်.. ကောင်းတယ် ရွှန်းလဲ့ကဘာလိုင်းယူမယ်လို့စိတ်ကူးလဲဟင် ဘာဝါသနာပါ လဲ”

“ရွှန်းလဲ့က သိပ္ပံနဲ့အောင်ထားပါတယ် ဝါသနာပါတာကတော့ ကျောင်းဆရာမလုပ်ဖို့ပါ”

“ဆရာမကောင်းပါတယ်.. ရွှန်းလဲ့ပုံပန်းနဲ့ ဆရာမပဲ လုပ်တာကောင်းပါတယ်”

“အဟင်း.. မျိုးရိုးကကျောင်းဆရာမတွေချည်းဆိုတော့ ရွှန်းလဲ့ဆရာမဖြစ်ချင်တာမဆန်းဘူး ပေါ့ကွယ်၊ ခုလဲအိမ်မှာ မူကြိုကျောင်းဖွင့်ပြီး ကလေးတွေကိုစာသင်ချင်လို့တဲ့လေ အဲဒါ ဒေါ်လေးခင် မှာ အဆောင်ဆောက်ပေးရဦးမယ် မောင်စိုးထိုက်အောင်ရေ”

“သိပ်ကောင်းတဲ့ အစီအစဉ်ပဲ အကောင်အထည်ဖော်ပေးလိုက်ပါ ဒေါ်လေးခင် ကျွန်တော်လဲ လိုတဲ့အကူအညီပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ် မောင်စိုးထိုက်အောင်ရယ်”

စိုးထိုက်အောင်သည် ရပ်ရည်ကလေးကသနားကမားရှိလှသော ရွှန်းလဲ့မိုထံသို့ ကြည့်လိုက် သည်။

ရုတ်တရက် ရွှန်းလဲ့မိုက သူ့ထံအကြည့်နှင့် မျက်လုံးချင်းဆုံမိသွားကြသဖြင့် စိုးထိုက်အောင်၏ ရင်ထဲမှာ သိမ့်တုန်သွားခဲ့ရသည်။

ရွှန်းလဲ့မိုကတော့ ရင်ထဲမှာ မည်သို့ခံစားရသည်ကိုသူမသိ။ တစ်ဖက်သို့မျက်နှာကလေးလွှဲ ဖယ်ထားလိုက်သည်ကိုသာ သူတွေ့လိုက်ရသည်။

"မောင်စိုးထိုက်အောင် မြို့ထဲပဲလား"

"စမ်းချောင်းက သမီးဆီကိုပါ သမီးကသူ့ဒေါ်လေးနဲ့ ခရီးထွက်မယ်ဆိုပြီး မုန့်ဖို့လှမ်းတောင်း လို့ဗျာ"

"ဘာလိုလိုနဲ့ သက်မာစိုကလေးလဲ ဆယ်တန်းကျောင်းသူကြီးဖြစ်တော့မယ်နော်"

"ဟုတ်တယ် ကျွန်တော်က သူ့ကိုမိန်းကလေးပီသတဲ့ မိန်းကလေးဖြစ်ပြီး အတန်းပညာတစ်ခု ခုကို ထိုက်ထိုက်တန်တန်ရစေ့ချင်တယ်၊ မိုးညီမတွေက ဖျက်ဆီးနေတော့ စိတ်ညစ်နေရတယ်ဗျာ ကျွန်တော်က ကျွန်တော့သမီးကိုသူ့တို့လို ပေါ့ပေါ့နေပေါ့ပေါ့စား မဖြစ်စေချင်ဘူး သမီးကလဲ ကျွန်တော့်စည်းကမ်းနဲ့ မနေနိုင်ဘူးမခက်မနေဘူးလားဗျာ"

"သူ့မှာတိုးတိုးဖော် တိုင်ပင်ဖက်အဖော်မရှိလို့နဲ့ တူပါတယ်၊ ရွှန်းလဲ့နဲ့ခင်သွားအောင်လုပ်ပေး လိုက်ရင် သူ့စိတ်တစ်မျိုးပြောင်းချင်ပြောင်းလာမှာပဲ၊ သူ့ကို ကတိုးမြိုင်ကို မကြာမကြာလာလည်ဖို့ တိုက်တွန်းပါလား မောင်စိုးထိုက်အောင်"

"အဲဒီ လိုဆိုရင် သိပ်ကောင်းမှာပေါ့ ဒေါ်လေးခင် သူခရီးထွက်ကပြန်လာရင် ကတိုးမြိုင်မှာလာ နေဖို့ကျွန်တော် ခေါ်ကြည့်ဦးမယ်"

"ကောင်းတယ် ကောင်းတယ် မောင်စိုးထိုက်အောင်"

"ဒေါ်လေးခင်တို့က ဘုရားတက်ပြီးရင် ဘယ်သွားဦးမှာလဲဟင်"

"မသွားပါဘူး အိမ်ကိုတန်းပြန်ကြမှာပါ"

"ဒါဆိုမှ ဒီလိုလုပ်ပါလား ကျွန်တော်ကသမီးဆီကို

ပစ္စည်းနဲ့မုန့်ဖိုးကလေးပေးရုံပဲ ဝင်ပေးပြီးရင် ကျွန်တော်လဲ ဘုရားကိုလိုက်မယ် မရောက်တာကြာလို့ ပြီးရင်ပြန်ကြာတာပေါ့”

“ရှန်းလဲ့တို့အတွက် အလုပ်များပိုနေမလားဟင်”

“မပိုပါဘူးဗျာ အိမ်မှာလဲ ဦးဖိုးကြူကြီးကို ခြံအလုပ်တွေခိုင်းထားလို့ ပြန်ကြည့်ရဦးမှာမို့ပါ၊ နဂို ကတနင်္လာနေ့မှဘုရားဆင်းဖို့ သမီးကညကမှ ကောက်ကာငင်ကာ ခရီးထွက်မယ်ဆိုလို့ ဒီနေ့ဆင်း လိုက်ရတာ ”

“ကဲပါလေ .. ဒါဆိုလဲ ဒေါ်လေးခင်တို့ တူအရီအတွက် အသွားအပြန်ခရီးအဆင်ပြေသွားတာ ပေါ့မောင်စိုးထိုက်အောင်ပြောသလို သက်မာစိုးလေးဆီပဲ အရင်ဝင်လိုက်ပါ ဒေါ်လေးလဲသူ့ကို မမိုးဆုံးပြီးကတည်းက မတွေ့ရလို့တွေ့ချင်ပါသေးတယ်”

စိုးထိုက်အောင်သည် ကျေနပ်သွားဟန်ဖြင့် ခေါင်းတစ်ချက်ဆက်ခနဲ့ညိတ်ပြီး ကားကိုဆက် မောင်းခဲ့သည်။

♥ ♥ ♥